
## ကုလားမျက်စိ

Scientific name - *Cardiospermum halicacabum* L.

Common name - Balloon vine

Family - Sapindaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင် သို့မဟုတ် နှစ်နှစ်ခံပင်ပျော့မျိုးဖြစ်သည်။ အခြေမှ ကိုင်းများစွာဖြာ၍ နွယ်မောင်းဖြင့်နွယ်တတ်ပြီး ပင်စည်သေးသွယ်၍ ဒေါင်လိုက်အစင်းကြောင်း ၅ ခု ပါရှိသည်။ ၁.၅ - ၂ မီတာအထိ ရှည်သည်။ အရွက်သည် သုံးမြွာရွက်ပေါင်းဖြစ်၍ ရွက်လွှဲထွက်သည်။ ကျယ်ပြန့်သော လုံသွားပုံ ရှိသည်။ ရွက်နားသည် လွှသွားသဏ္ဍာန်ရှိသည်။ ပန်းပွင့်သည် အဖြူရောင်ဖြစ်ပြီး သေးငယ်သည်။ အဆုပ်လိုက်ပွင့်သည်။ ပန်းခိုင်သည် ကြားထွက်ပန်းခိုင်ဖြစ်သည်။ အသီးသည်ဘောလုံး သို့မဟုတ် ပန်းသီးကဲ့သို့ဖောင်းနေပြီး ရင့်သောအခါအညိုရောင်ရှိသည်။ အစေ့ ၃ စေ့ရှိပြီး လုံးဝန်းသည်။ အစေ့သည် တောက်ပသောအနက်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။